B: ကျွန်တော် ဒီကနေပြီးတော့ အိန္ဒိယနဲ့အီတလီကို ခရီးဆက်သွားပါဦးမယ်၊

Is there anything ? What can I do for you ?

A: လူကြီးမင်း ဘာဖြစ်လို့ပါလဲ၊ ဘာကူညီရမလဲ၊

I can't find Foreign Exchange Counter. Where is it?

B: နိုင်ငံခြားငွေလဲကောင်တာ မတွေ့လို့ပါ၊ ကောင်တာဘယ်မှာရှိလဲ၊

Over there. Please go this way.

A: ဟောဟိုက ကောင်တာပါ၊ ဒီက သွားရင်ရပါတယ်၊

What else do you want to know ?

A: တခြား ဘာများသိချင်ပါသေးသလဲ၊

Can you tell me where the Taxi stand is ?

B: အငှားယာဉ်ရပ်နားတဲ့နေရာ ဘယ်နေရာမှာ ရှိပါသလဲ၊

You may find it outside the arrival longue. You can find it.

A: ပြည်ပအဝင်ခန်းမအပြင် ထွက်လိုက်တာနဲ့ခင်ဗျားတွေ့ပါလိမ့်မယ်၊

Which hotel is the best in this Town ?

B: ဒီမြို့မှာ ဘယ်ဟိုတယ်က အရည်အသွေးအကောင်းဆုံး ဖြစ်သလဲ

Is the price reasonable ?

B: ဈေးနှုန်းကော ချိုပါရဲ့လား၊

How much do I pay for (1) kilometer distance taxi fare ?

B: ကားခကော တစ်ကီလိုမီတာကို ဘယ်လောက်ပေးရပါသလဲ၊

Traders Hotel is the best one of these hotel.

A: ကုန်သည်ကြီးများဟိုတယ်က အားလုံးထဲကအကောင်းဆုံးတစ်ခုပါ၊

The price is also reasonable.

A: ဈေးနှုန်းလဲပဲ သင့်တင့်ပါတယ်၊

You'll have to pay (3)dollars per meter for the taxi
fare.

A: အဌားယာဉ်ကားခကလည်း တစ်ကီလိုမီတာကို သုံးဒေါ်လာပဲပေးရပါတယ်၊

Which is the best restaurant ?

B: အစားအသောက်ကရော ဘယ်စားသောက်ဆိုင်က အကောင်းဆုံးလဲ၊

You can order *European, Chinese* and *Singapore* cui- sine at the hotel you are going to stay.

A: ခင်ဗျားတည်းမယ့်ဟိုတယ်မှာ ဥရောပအစားအစာ၊ တရုတ်အစားအစာနဲ့ စင်္ကာပူအစားအစာတွေမှာပြီး စားသောက်နိုင်ပါတယ်၊

I think, *Diamon Hall Food House* is the best of all the restaurants outside. Prises are reasonable.

A: ပြင်ပစားသောက်ဆိုင်ထဲတွေမှာတော့ ဒိုင်းမွန်းဟောစားသောက် ဆိုင်က အစားစာကအကောင်းဆုံးပါပဲ၊ အစားအစာဈေးနှုန်းလဲချိုပါတယ်၊

By the way, my wife got airsick. Where can I find a clinic ?

B: ဒါနဲ့စကားမစပ်မေးပါရစေ၊ ကျွန်တော့်ဇနီး လေယာဉ်မူးနေတယ်၊ ဆေးခန်း ဘယ်မှာရှိသလဲ၊ ဗျာ၊

There is a doctor at the International Health Quarantining Counter over there.

A: ဟိုနားက ကျန်းမာရေးစစ်ဆေးမှုကောင်တာမှာဆရာဝန်တစ်ယောက်ရှိပါတယ်၊ ပြကြည့်လိုက်ပါ၊

You may find private clinics on the way to the hotel.

A: ဟိုတယ်ကိုသွားမယ့်လမ်းပေါ်မှာလည်း ပြင်ပဆေးကုခန်းတွေရှိတယ်၊

You can ask the taxi driver.

A: တက္ကဆီကားသမားမေးပြီး သွားပြကြည့်လိုက်ပါ၊

Thank you. And how shall I go to Worker office ?

B: ကျေးဇူးတင်ပါတယ်၊ ဒါ့အပြင် အလုပ်သမားရုံးကို ဘယ်လိုသွားရမလဲ

You can take a taxi car from that here.

A: ဒီကနေ တက္ကစီကားနဲ့သွားနိုင်ပါတယ်၊

You can walk on foot to convenient for the trip.

A: လမ်းလျှောက်သွားရင်လည်း အဆင်ပြေပါတယ်၊

I want to go there by car. Do you know where the stand is ?

B: ကျွန်တော် ကားနဲ့ သွားချင်ပါတယ်၊ ကားဂိတ်က ဘယ်နားမှာရှိပါသလဲ

It's not so far from the Airport. It will take about five minutes.

A: လေယာဉ်ကွင်းကို တက္ကစီကားနဲ့သွားရင်ငါးမိနစ်လောက်ပဲကြာတယ်၊ နီးနီးလေးပါ၊ ဗျာ၊

How much shall I pay for the trip to Jurong district?

B: ဂျူရုန်းမြို့ကို သွားချင်တာ၊ ကားခဘယ်လောက်ပေးရပါသလဲ

It costs may be S$.50. You'd better ask the taxi man. He knows very well.

A: စက်ာပူငွေ(၅၀)ကျသင့်မယ်ထင်တယ်၊ ကားသမားကိုမေးကြည့်တာပို ကောင်းပါလိမ့်မယ်၊ သူကတော့ ပိုပြီးသိတာပေါ့၊

Yes, thank you.

B: ဟုတ်ပါတယ်၊ဗျာ၊ ကျေးဇူးတင်ပါတယ်၊

◆ ◆ ◆

You have overstayed for (1)day. So you have to pay (3) dollars as fine.

A: ခင်ဗျားနေထိုင်ခွင့် ၁ ရက်ကျော်နေတယ်နော်၊ ဒဏ်ကြေးငွေ ၃ ဒေါ်လာ ပေးဆောင်ရပါလိမ့်မယ်၊

We cannot to leave yesterday, because the flight was cancelled, as you know.

B: မနေ့က လေယာဉ်ခရီးစဉ်ပျက်လို့ မသွားဖြစ်ဘူးဆိုတာ ခင်ဗျားတို့ လည်း သိပါတယ်၊နော်၊

Yes, I know too, but.....

A: ဟုတ်ပါတယ်၊ ကျွန်တော်လည်းသိတာပေါ့၊ ဒါပေမယ့်ဗျာ .

Although you are a transit passenger, you haven't got transit visa. So please stay in the transit lounge of the Airport.

A: ခင်ဗျားဟာ ခရီးစဉ်ပြောင်းစီးရတဲ့ ခရီးသည်ဖြစ်ပေမယ့် ခရီးစဉ်ပြောင်းစီးရတဲ့ ဗီဇာပါမလာလို့ ကွင်းထဲက ခရီးစဉ်ပြောင်းစီးရတဲ့ အခန်းမှာနေရပါလိမ့်မယ်၊

My flight hour is 19:30. I have more time. That's why I want to go downtown. How can I do that?

B: ကျွန်တော်လေယာဉ်ခရီးစဉ်က ညနေ (၅း၃၀)ထွက်ခွာမယ့်အချိန်ဖြစ်နေလို့ အချိန်ပိုနေတော့ မြို့ထဲသွားလည်ချင်တယ်၊အဲဒါဘယ်လိုလုပ်ရမလဲမသိဘူး၊

You can apply for visa on arrival (tourist visa) for a fee of US $ (20). Then you can visit downtown.

A: ခင်ဗျား ဆိုက်ရောက်ဗီဇာကိုဝန်ဆောင်ခငွေအမေရိကန်ဒေါ်လာ(၂၀) ပေးပြီး လျှောက်ထားရမယ်၊ အဲဒီအခါ ခရီးသွားဆိုက်ရောက်ဗီဇာထုတ်ပေးရင် အဲဒီဗီဇာလက်ထဲရပြီးမှ မြို့ထဲဝင်ပြီး လည်နိုင်ပါတယ်၊

Yes, thank you.

B: ဟုတ်ကဲ့၊ ကျေးဇူးပါပဲ၊

◆ ◆ ◆

အခန်း (၃)

Usage Of Applying D-Form at the Embassy

သံရုံးမှ ပုံစံများလျှောက်ထားရာတွင်ပြောဆိုခြင်း

Good Morning, Sir. May I help you ?

A: မင်္ဂလာနံနက်ခင်းပါ၊လူကြီးမင်းခင်ဗျာ၊ ကျွန်တော် ဘာများအကူအညီ ပေးရပါမလဲ၊

Thank you. I want to apply a Departure Form (D-Form). Where can I get it ?

B: ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ပြည်ပထွက်ခွင့်ပုံစံ လျှောက်ထား ချင်လို့ပါ၊ အဲဒါ ဘယ်မှာရနိုင်မလဲသိပါရစေ

Over there, you may be buy it at the counter.

A: ဟိုအရောင်းကောင်တာမှာ ဝယ်လို့ရပါတယ်၊

Can I get D-Form here ? How much is that cost?

B: *D-Form* အလွတ် ဒီမှာရနိုင်ပါသလား။ ဘယ်လောက်ကျပါသလဲ၊

Do you have your Passport ? May I see it ? It that costs $ (1) for two copies.

A: နိုင်ငံကူးလက်မှတ်ယူလာလား။ ယူလာရင် ကြည့်ပါရစေ၊ပုံစံအလွတ် နှစ်စောင်အတွက် ၁ ဒေါ်လာ ကျပါတယ်၊

What documents are needed to fill in the D-Form.

B: *D-Form* ဖြည့်ဖို့အတွက် တခြားဘာများ လိုအပ်ပါသေးသလဲ၊

You need to fill the blacks in the D-Form form.

A: *D-Form* မှာပါရှိတဲ့ အချက်လက်အားလုံးကို ဖြည့်စွက်ပေးရပါမယ်၊

Three copies of your photopraphs are also needed.

A: ဓာတ်ပုံ ၃ ပုံလဲ လိုအပ်ပါသေးတယ်၊

After filling in the form, would you please submit it at the reception counter over there.

A: အချက်အလက်တွေ အားလုံးဖြည့်ပြီးရင် ဟိုမှာရှိတဲ့ ပုံစံလက်ခံကောင်တာမှာ သွားပေးရပါမယ်၊

I've already filled in the forms. Here are three photographs. What else do I need for that ?

B: ကျွန်တော်ပုံစံတွေဖြည့်ပြီးပါပြီ၊ ဒီမှာ ဓာတ်ပုံ ၃ ပုံပါ၊ တခြားဘာများ လိုအပ်ပါသေးသလဲ၊

You need to filled in the last arrival date and address in Myanmar.

A: မြန်မာပြည်ကို နောက်ဆုံးရောက်ခဲ့တဲ့ ရက်စွဲနဲ့မြန်မာပြည်မှာနေခဲ့တဲ့ လိပ်စာဖြည့်ပေးဖို့ ကျွန်ပါတယ်၊

If all the data have been furnished, kindly sign it.

A: အားလုံးစုံရင် အောက်ဆုံးက ဒီနေရာမှာလက်မှတ်ထိုးပေးပါ၊

I'll go back tonight.

B: ကျွန်တော်/မ ဒီညလေယာဉ်နဲ့က ပြန်မှာပါ၊

Can I get it in time?

B: အချိန်မီရနိုင်ပါ့မလား၊

Please don't worry. We'll do it right now.

A: စိတ်ချပါ။ ကျွန်တော်/မ တို့ အမြန်ဆောင်ရွက်မှာပါ၊

Would you please wait for a while?

A: အခု ခဏစောင့်ပေးပါ၊

I'll let you know in a few minutes.

A: ခဏကြာရင် အကြောင်းပြန်ပါ့မယ်၊

Kindly sing it.

A: လက်မှတ်ထိုးပြီး ထုတ်ယူပါ၊

We found that the stay permit in your passport has already expired.

A: ရှင့်/ခင်ဗျားရဲ့ နိုင်ငံကူးလက်မှတ်မှာ နေခွင့်သက်တမ်းကုန်နေပါပြီ။

Before you apply for the D.From, kindly extend your period of stay at the section located at 37th street, just behind this building.

A: ဒါကြောင့် ပုံစံ(ဃ)မလုပ်မီ ဒီအဆောက်အဦရဲ့ နောက်ဘက် ၃၇ လမ်းမှာရှိတဲ့ နေခွင့်သက်တမ်းတိုးပေးတဲ့ ဂိုးမှာသွားပြီး သက်တမ်းတိုးရပါမယ်။

Will I get it in time?

B: အဲဒါဆိုရင် ဒီနေ့ပုံစံ (ဃ)ရဖို့ အချိန်မီပါ့မလား။

I'm leaving today.

B: ကျွန်တော်/မ ဒီနေ့ပြန်မှာမို့ပါ။

Please don't worry. We get it done in time.

A: စိတ်ချပါ။ အချိန်မီပြီးမှာပါ။

I've already filled in the forms.

B: ဒီမှာပုံစံတွေ ဖြည့်ပြီးပါပြီ။

Here are three photographs.

B: ဓာတ်ပုံ ၃ ပုံလည်း ပါပါတယ်။

Yes, Please wait over there.

A: ကောင်းပါပြီ၊ ဟိုမှာခဏစောင့်နေပါ။

It's finished now.

A: ဒီမှာ ပုံစံ(ဃ)ရပါပြီ။

Here's your passport and D.Form.

A: ပုံစံ(ဃ)နှင့် နိုင်ငံကူးလက်မှတ် ပြန်ယူပါ။

Kindly sign here. Thank you.

A: လက်ခံထုတ်ယူပြီးကြောင်း ဒီနေရာမှာ လက်မှတ်ထိုးပေးပါ၊ ကျေးဇူးတင်ပါတယ်။

You are in Myanmar more than 90 days.

A: ဒီမှာခင်ဗျား/ရှင့် မြန်မာနိုင်ငံကို ရောက်နေတာရက်ပေါင်း ၉၀ ကျော်နေပြီ၊

So, you need to apply for Foreigner's Registration Certificate.

A: နိုင်ငံခြားသားမှတ်ပုံတင် လုပ်ရပါမယ်၊

Do you have the F.R.C? May I see it?

A: နိုင်ငံခြားသား မှတ်ပုံတင်လုပ်ပြီးသား ရှိပါသလား၊ ရှိလျှင်ပြပါ၊

Did I need to apply for F.E.C?

A: နိုင်ငံခြားသား မှတ်ပုံတင်လုပ်ရသလား၊

I haven't done it. I didn't know that.

B: ကျွန်တော်မသိလို့ မလုပ်ရသေးဘူး၊

Yes, of couse. According to our Foreigner's Registeation Rules, any foreigner who wishes to stay in Myanmar for more than 90 days continuously, needs to apply for Foreigner's Registration Certificate.

A: မှန်ပါတယ်၊ဘယ်နိုင်ငံခြားသားမဆို မြန်မာနိုင်ငံကို ရောက်ရှိပြီးရက်ပေါင်း ၉၀ ကျော်တဆက်တည်းနေမယ်ဆိုရင် နိုင်ငံခြားသားမှတ်ပုံတင်လုပ်ရပါမယ်၊

Well, can you tell me where I can get the Foreigner's Registration Certificate?

B: ကောင်းပါပြီ၊ ဒါဆိုကျွန်တော်ဘယ်မှာသွားပြီး နိုင်ငံခြားသားမှတ်ပုံတင်ကို လုပ်ရမလဲ၊

You may apply for Foreigner's Registration Certificate at the Foreigner's Registation Section located at 37th street, just behind this building.

A: အခု ဒီအဆောက်အဦးရဲ့ ကျောဘက်ကပ်လျက် ၃၇ လမ်းက နိုင်ငံခြားသားမှတ်ပုံတင် ဌာနစိတ်ကိုသွားပြီး ပြုလုပ်ရပါမယ်၊

Please come back here to get the Departure Form.

A: ပြီးရင် ဒီကိုပြန်လာခဲ့ပြီး ပုံစံ (ဃ) လျှောက်ထားပါ၊

Thank You.

B: ကျေးဇူးတင်ပါတယ်၊

◆ ◆ ◆

I will issue a temporary certificate to you for surrender of your Foreigner's Registration Certificate.

A: အခု နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ပြန်အပ်တဲ့ပုံစံစာရွက် ပေးပါမယ်၊

Please fill in your name, your passport number and your F.R.C number.

A: ပတ်စပို့နံပါတ်၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်အမှတ်နဲ့ အမည်တို့ကိုဖြည့်စွက်ပေးပါ၊

After filling in the necessary data, please surrender your F.R.C to me.

ယဉ်မျိုးစာအုပ်တိုက်

A: ပြီးလျှင် နိုင်ငံခြားသားမှတ်ပုံတင်ကိုပါ ပြန်ပေးပါ၊

I have already filled in this form.

B: ဒီမှာ ဖြည့်ပြီးပါပြီ၊

What else do I do?

B: ကျွန်တော် ဘာလုပ်ရဦးမှာလဲ၊

Please take these two forms.

A: ဒီပုံစံ ၂ ရွက်ယူသွားပါ၊

You may have to show them to the Immigration Official together with the depature form.

A: လေဆိပ်မှာ *D.Form* နှင့်အတူ ပြသပါ၊

When you come back to Myanmar, you may present this receipt within 30 days in order to draw yout F.R.C.

A: မြန်မာပြည်ပြန်လာခဲ့ရင် ရက်ပေါင်း ၃၀ အတွင်း ဒီဖြတ်ပိုင်းကိုပြပြီး နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ပြန်ထုတ်ပါ၊

Thank you. I'll do it within one month when I come back.

B: ကျေးဇူးတင်ပါတယ်၊ ပြန်ရောက်ရင် တစ်လအတွင်းဆောင်ရွက်မှာပါ၊

Where can I do this?

B: ဘယ်မှာ ဆောင်ရွက်ရပါမလဲ၊

You may present it at Foreigner's Registration Section.

A: နိုင်ငံခြားသား မှတ်ပုံတင်ဌာနစိတ်မှာပဲ ဆောင်ရွက်ရမှာပါ။

Thank You.

B: ကျေးဇူးတင်ပါတယ်။

Nevermind.

A: ကိစ္စမရှိပါဘူး။

◆ ◆ ◆

I'm not satisfied with you. Where shall I complain?

B: ကျွန်တော်ခင်ဗျားတို့ကို မကျေနပ်ပါဘူး၊ ဘယ်ကိုတိုင်ရပါမလဲ။

You may complain by dialling 250046, 282940 or 256334.

A: ဖုံးနံပါတ်-၂၅၀၀၄၆၊ ၂၈၂၉၄၀၊ ၂၅၆၃၃၄ သို့ ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။

When will you leave Myanmar?

A: ခင်ဗျား ဘယ်နေ့ပြန်ထွက်မှာလဲ၊

I'm leaving on (.....).

B: ကျွန်တော် .....နေ့မှာ ပြန်ထွက်ပါမယ်၊

If you depart on that day, you do not need to get Departure Form since your stay is within (not more than) 30 days.

A: ခင်ဗျား အဲဒီနေ့မှာ ပြန်ထွက်လျှင် ရက်ပေါင်း ၃၀ မကျော်တဲ့အတွက် ပြည်ပထွက်ခွာခွင့်ပုံစံ (ဃ) လုပ်ရန်မလိုအပ်ပါဘူး၊

I found that the validity of your departure form has already expired on ( ).

A: *D.Form* သက်တမ်းဟာ ( )နေ့အထိသာ ရှိပါတယ်၊

So you need to extend it in time.

A: ဒါကြောင့် *D.Form* သက်တမ်းအချိန်မီ ထပ်တိုးဖို့ လိုပါတယ်၊

How many days is the departure form valid?

B: *D.Form* သက်တမ်းဘယ်လောက်ပေးရသလဲ၊

The validity of departure form is 30 days at one time.

A: တစ်ကြိမ်လျှင်သက်တမ်းအများဆုံး ၃၀ ရက်သာပေးပါတယ်၊

Please give me the photos of the children accompanying you, whose name are included in you passport.

A: ယခုခရီးသွားရာတွင် မင်းနှင့်အတူ လိုက်ပါမယ့် မင်းရဲ့ နိုင်ငံကူးလက်မှတ်မှာပါတဲ့ ကလေးများ၏ ဓါတ်ပုံပေးပါ၊

Yes, I will give you their photos.

B: ဟုတ်ကဲ့၊ ပေးပါမယ်၊

At the time of your entry to Myanmar, the name of two children were prescribed in your Pasport.

A: ခင်ဗျားလာတုန်းက ခင်ဗျားရဲ့နိုင်ငံကူးလက်မှတ်မှာ ကလေးနှစ်ယောက် အမည်တွေ့ပါတယ်၊

Now I see only one. Could you tell me where's other?

A: အခု ၁ ယောက်ပဲတွေ့တယ်။ ကျန်တစ်ယောက်ဘယ်မှာလဲ၊

He holds a separate Passport.

B: သူက သီးခြားနိုင်ငံကူးလက်မှတ် ကိုင်ပါတယ်၊

If he is holding a separate Passport, he may need to apply for D.Form separaetely.

A: သူကသီးခြားနိုင်ငံကူးလက်မှတ်ကိုင်ရင် သူ့အတွက်သီးခြား *D.Form* လုပ်ရမယ်

He hasn't left yet.

B: သူအခု မပြန်သေးပါဘူး၊

When he leaves the country, he will apply for the D.Form.

B: ပြန်တဲ့အခါ *D.Form* လျှောက်ပါမယ်၊

Your persent photo dosen't look like the one which you have in your Passport.

A: ခင်ဗျားအခုပေးတဲ့ ဓာတ်ပုံနဲ့ လက်ရှိပုံနဲ့ မတူပါလား၊

It is my photo when I was young.

B: ဓာတ်ပုံက ငယ်ငယ်ကပါ၊

Would you please give me on taken recently.

A: လက်ရှိအခြေအနေအတိုင်း ဓာတ်ပုံပေးပါ၊

Yes, I will.

B: ဟုတ်ကဲ့၊ ကျွန်တော်ပေးပါ့မယ်၊

◆ ◆ ◆

အခန်း(၄)

Usage of Applying for the Entry Visa and Stay Extension

ပြည်ဝင်ခွင့်ဗီဇာနှင့်နေထိုင်ခွင့်သက်တမ်းလျှောက်ထားရာတွင် ပြောဆိုခြင်း

Good morning, Sir

A: မင်္ဂလာပါ၊ ဆရာ၊

May I help you?

A: ဘာအကူအညီပေးရမလဲ၊

I want to extend my stay period.

B: နေခွင့်သက်တမ်းတိုးချင်ပါတယ်၊

Please, let me see your passport and the type of visa.

A: နိုင်ငံကူးလက်မှတ် ခဏပြပါ။ ဘာဗီဇာနဲ့ ဝင်ရောက်လာပါသလဲ၊

I entered Myanmar with business visa.

B: လုပ်ငန်းဗီဇာနဲ့ ဝင်လာတာပါ၊

Since you entered with business visa, do you have an established company in Myanmar?

A: လုပ်ငန်းဗီဇာနဲ့ ဝင်လာတဲ့အတွက် ကုမ္ပဏီဖွင့်ထားတာရှိပါသလား။

I have already opened the Company and now I am doing business.

B: ကုမ္ပဏီဖွင့်ထားတာရှိပါတယ်။ စီးပွားရေးလာရောက် လုပ်ကိုင်နေပါတယ်။

If you have the established company, you may have to go to the Ministry of Commerce and obtain the recommendation.

A: ကုမ္ပဏီဖွင့်ထားတာရှိရင် ကုမ္ပဏီမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုသွားပါ။ ဝန်ကြီးဌာနက ထောက်ခံသည့်စာ လိုအပ်ပါတယ်။

Will you extend the stay period after getting the recommendation?

B: ဝန်ကြီးဌာနက စာရရင် တိုးပေးမှာလား။

For extension of your stay permit, you may have to present the recommendation letter from the Ministries concered.

A: နေခွင့်လျှောက်ထားတာနဲ့ ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာန ထောက်ခံချက်တင်ပြဖို့ လိုပါတယ်။

Next, the request application from the companies concerned, duplicate of your passport, company registration, import-export licence and Form-26 or labour card.

A: ပြီးတော့ ကုမ္ပဏီရဲ့ နေခွင့်တောင်းတဲ့စာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ဓာတ်ပုံ ၂ ပုံ၊ ကုမ္ပဏီမှတ် ပုံတင်လက်မှတ် မိတ္တူ၊ ကုမ္ပဏီရဲ့ သွင်းကုန်ထုတ်ကုန်လိုင်စင်မိတ္တူ၊ ပုံစံ ၂၆ မိတ္တူ (သို့) *labour card* မိတ္တူတို့ ဖြစ်ပါတယ်။

If you can present all necessary documents, your stay permit will be extended.

A: စာရွက်စာတမ်း ပြည့်စုံရင် ခွင့်ပြုမိန့်တောင်းပြီး နေခွင့်တိုးပေးပါမယ်၊

How many days shall I wait for the permission?

B: ခွင့်ပြုချက်ရဖို့ ဘယ်နှစ်ရက်စောင့်ရမလဲ၊

It may take only few days.

A: ခွင့်ပြုမိန့် တောင်းခံတာ ( ) ခန့် ကြာပါမယ်၊

If permission is granted, will may stay be extended?

B: ခွင့်ပြုမိန့်ကျရင် တိုးပေးမှာလား၊

The stay permit and re-entry visa will be issued upon receipt of the permission.

A: ခွင့်ပြုမိန့်ရမှ နေခွင့်နဲ့ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားတာကို ထုတ်ပေးပါမယ်၊

Shall I fill the form?

B: ပုံစံဖြည့်ပေးရမှာလား၊

Please fill the stay permit and re-entry visa forms.

A: နေခွင့်ပုံစံနှင့် ပြည်ပြန်ဝင်ခွင့် ဗီဇာပုံစံများဝယ်ပြီး ပုံစံများဖြည့်ပေးရမယ်၊

Is the permission given? Shall I pay for the fees?

B: ခွင့်ပြုမိန့်ကျပြီလား၊ ငွေသွင်းရမလား၊

Since permission is grated, you need to pay the fee.

A: ခွင့်ပြုမိန့်ကျပါပြီ၊ ငွေသွင်းရပါမယ်၊

How much?

B: ငွေဘယ်လောက်သွင်းရမလဲ၊

As for the extension of stay, you have to pay $ 36 for 3 months and $ 90 for over 3 months to one year.

A: နေခွင့်သက်တမ်း ၃ လအတွက် ၃၆ ဒေါ်လာပေးရပါမယ်၊ ၃ လအထက်မှ တစ်နှစ်အထိ ဒေါ်လာ ၉၀ ပေးရပါမယ်၊

Single Journey Re-entry Visa Fee is $ 54.

A: တစ်ကြိမ် ပြည်ပြန်ဝင်ခွင့် ဗီဇာအတွက် ၅၄ ဒေါ်လာပေးရပါမယ်၊

Multiple Jouney Special Re-entry Visa Fee is $ 180.

A: အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ဗီဇာအတွက် ၁၈၀ ဒေါ်လာ ပေးရပါမယ်၊

How can I use the Single Journey Re-entry Visa?

B: တစ်ကြိမ်ပြည်ပြန်ဝင်ခွင့် ဗီဇာက ဘယ်လိုအသုံးပြုနိုင်ပါသလဲ၊

You may re-enter once with the Re-entry Visa while your stay permit is valid.

A: တစ်ကြိမ်ပြည်ပြန်ဝင်ခွင့် ဗီဇာကတော့ နေခွင့်သက်တမ်းအတွင်းမှာ တစ်ကြိမ်သာ ပြည်ပကို ထွက်ပြီးပြန်ဝင်လို့ ရပါတယ်၊

I would like to extend stay grantis.

B: အခမဲ့နေခွင့် သက်တမ်း တိုးမြှင့်ချင်ပါတယ်။
Only those foreigners who entered with Gratis Visa and who are permitted for issurance of Gratis Official Courtesy Visa with the recommendation of - ministries concerned are eligible to stay gratis.

A: အခမဲ့ဗီဇာဖြင့် ဝင်ရောက်လာသူများနဲ့ ဝန်ကြီးဌာနများက အခမဲ့ခွင့်ပြုပေးဖို့ ထောက်ခံသူများကိုသာ အခမဲ့နေခွင့်ပြုမှာပါ ဖြစ်ပါတယ်၊

◆ ◆ ◆

I've got the Gratis Visa.

B: အခမဲ့ဗီဇာယူလာပါတယ်၊

May I extend may stay now?

B: အခု နေခွင့်သက်တမ်းတိုးလို့ရပြီလား၊

Since you ask for gratis, you need to have the permission from Director-General since you are applying for gratis stay extension with the recommendation letter of the Ministry concerned

A: အခမဲ့လျှောက်ထားတာဖြစ်လို့ ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုမိန့် တောင်းခံရပါမယ်၊ ခွင့်ပြုမိန့်ကျမှသာ နေခွင့်သက်တမ်းတိုးပေးမှာ ဖြစ်ပါတယ်၊

Why don't you permit stay period gratis?

B: ဘာကြောင့် အခမဲ့ခွင့်မပြုတာလဲ၊

The gratis stay is permited only after scrutiny to see if you are here for the interest of the country. I assume that in casse it is not relevant

A: ခင်ဗျားအနေနဲ့ အကျိုးမဝင်ပါဘူး၊ နိုင်ငံတော်အကျိုးအတွက် လာ ရောက်တဲ့သူများကိုသာ စိစစ်ဆုံးဖြတ်ပြီး ခွင့်ပြုပါတယ်၊

Why do you permit me to stay for only three months?

B: ဘာဖြစ်လို့ နေခွင့်သက်တမ်း ၃ လပဲ ပေးတာပါလဲ၊

The stay for three months is permitted according to the recommendation of Ministry concerned.

A: နေခွင့်သက်တမ်း ၃ လပေးရတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာန က ထောက်ခံတဲ့အတိုင်း ဖြစ်ပါတယ်၊

The Ministry concerned has sent an official has sent an offical letter to you Ministry for stay extension. What else do you need?

B: သက်ဆိုင်ရာဝန်ကြီးဌာနက ခင်ဗျားတို့ဝန်ကြီးဌာနကို မူရင်းစာပေးပို့ထား ပါတယ်။ ဘာများလိုအပ် ပါသေးလဲ၊

We need to have the permission from our Minitry.

A: လဝက (ဝန်ကြီးရုံး) ရဲ့ ခွင့်ပြုချက် လိုအပ်ပါတယ်၊

Won't you extend my stay if you don't have the letter from the Ministry of Immigration and Population.

B: လဝက (ဝန်ကြီးရုံး)ရဲ့ စာမရသေးရင် နေခွင့်မတိုးပေးဘူးလား၊

Your stay can be extended if you present the permission from the Ministry of Immigration and Population.

A: လဝက (ဝန်ကြီးရုံး) ရဲ့ ခွင့်ပြုချက်ရရင် နေခွင့်တိုးပေးပါတယ်၊

I want to pay for overstay.

B: ရက်လွန်ကြေးငွေ ဆောင်ချင်ပါတယ်၊

What do I need?

B: ဘာတွေလိုအပ်ပါသလဲ၊

For this purpose, you may have to present the duplicate copy of your air-ticket and passport, stay form and two photographs.

A: *Overstay* ဆောင်သူအတွက် လေယာဉ်ပျံလက်မှတ်မိတ္တူ၊ နေခွင့်ပုံစံ၊ နိုင်ငံကူးလက်မှတ်မိတ္တူ နှင့် ဓာတ်ပုံ ၂ ပုံ လိုအပ်ပါတယ်။

I'll leave only in a few days. So I want to pay for ovserstay now.

B: ပြန်ဖို့ရက် လိုပါသေးတယ်။ အခု *O/S* ငွေ ပေးဆောင်ချင်ပါတယ်၊

The normal proceed of overstay is that it can be done only one day ahead of the depature date.

A: ပြန်ထွက်မယ့်နေ့ မတိုင်မီတစ်ရက်သာ ကြိုပြီးဆောင်ရွက်ပေးပါတယ်၊

If you wish to apply for Foreigner's Registration Certificate, I can also help you accordingly.

A: *F.E.C* လျှောက်ထားဖို့ လိုမလို စီစစ်ဆောင်ရွက်ပေးပါမယ်၊

Shall I pay in cash here?

B: ငွေကို ဒီမှာပေးရမှာလား၊

You may pay at the cash counter.

A: ငွေကို ငွေသွင်းကောင်တာတွင် ပေးဆောင်ရပါမယ်၊

I've brough MJEV.

B: ကျွန်တော် *MJEV* ယူလာပါတယ်၊

How shall I use it?

B: ဒါကိုဘယ်လို အသုံးပြုရပါမလဲ၊

During the validity of MJEV, you can travel any number of times. However, please be careful that the stay in Myanmar is vaid only within the specified period.

A: *MJEV* ဟာသက်တမ်းကာလအတွင်း အကြိမ်ကြိမ် ဝင်ထွက်နိုင်ပါတယ်၊ ဒါပေမဲ့ သတ်မှတ်ထားတဲ့ သက်တမ်းအတွင်းသာ နေထိုင်နိုင်ပါတယ်၊

I'm the holder of MJEV.

B: ကျွန်တော် *MJEV* ယူထားပါတယ်၊

Eight months have been left to stay here.

B: နေခွင့် ၈ လ ကျန်နေပါတယ်၊

But, when I re-entre, I've got only ten weeks for my stay.

B: အခုပြန်ဝင်လာတဲ့အခါ လေဆိပ်က နေခွင့် ၁၀ ပတ်ပဲပေးပါတယ်၊

Why is that?

B: ဘာကြောင့်ပါလဲ၊

MJEV is issued by Myanmar Embassies abroad for foreigners to enter Myanmar for several times.

A: *MJEV* ဆိုတာ ပြည်ပမှာရှိတဲ့ မြန်မာသံရုံးကပေးလိုက်တဲ့ မြန်မာနိုင်ငံကို အကြိမ်ကြိမ်ဝင်ထွက်နိုင် ဖို့ ဗီဇာသာဖြစ်ပါတယ်၊

The Validity of MJEV at one time is ten weeks.

A: *MJEV* ရဲ့ တစ်ကြိမ်နေခွင့် သက်တမ်းဟာ ၁၀ ပတ်သာဖြစ်ပါတယ်။

If you want to stay more than ten weeks, you will have to apply for stay extinsion.

A: ၁၀ ပတ်ထက် ပိုနေချင်ရင် နေခွင့်သက်တမ်းတိုးရပါမယ်၊

Once you leave our country, your stay permit is automatically terminated.

A: ဒါပေမဲ့ပြန်ထွက်လျှင် ရထားတဲ့ နေခွင့်သက်တမ်းပျက်ပါတယ်၊

How Shall I do for various entries and exits without spoiling the stay permit?

B: ရထားတဲ့ နေ့ခွင့်သက်တမ်းမပျက်ဘဲ အကြိမ်ကြိမ်ဝင်ထွက်နိုင်အောင် ဘယ်လိုဆောင်ရွက်ရမလဲ၊

Within the validity of your stay permit, you may have to apply for Multiple-Journey Special Re-entry Vissa.

A: နေ့ခွင့်သက်တမ်းအတွင်း အကြိမ်ကြိမ် အထူးပြုသည်ပြန်ဝင်ခွင့်ဗီဇာ *(Multiple-Journey Special Re-entry Vissa.)* လျှောက်ထားရပါမယ်၊

Then, it won't affect your stay permit.

A: ဒါဆိုရင်ခင်ဗျားရရှိထားတဲ့ နေ့ခွင့်သက်တမ်း မပျက်ပြယ်တော့ပါဘူး

As you entred Myanmar with Tourist Visa, if you want to extend your stay permit, you need to have recommendation letter from the Ministry of Hotels and Yourism.

A: ကမ္ဘာလှည့်ခရီးသည် ဗီဇာနဲ့ဝင်လာတဲ့အတွက် နေ့ခွင့်သက်တမ်းတိုး ချင်ရင် ဟိုတယ်နှင့်ခရီး သွားလုပ်ငန်း ဝန်ကြီးဌာနက ထောက်ခံချက် လိုပါတယ်၊

How long do they recommed?

B: သူတို့က ဘယ်လောက်နေ့ခွင့် ထောက်ခံပါသလဲ၊

Normally, they recommend 14 days.

A: သာမန်အားဖြင့်တော့ ၁၄ ရက်သက်တမ်းတိုးပေးဖို့ ထောက်ခံလေ့ ရှိပါတယ်၊

How much do I pay for stay extension for 14 days?

B: ၁၄ ရက်အတွက် သက်တမ်းတိုးလျှင် ဘယ်လောက်ကုန်ကျပါသလဲ၊

36 dollars.

A: ၃၆ ဒေါ်လာကုန်ကျပါတယ်၊

Can I stay more than that?

B: ဒီထပ်ပိုပြီး နေလို့မရဘူးလား၊

It depends on the recommendation of the Ministry concerned.

A: သက်ဆိုင်ရာဝန်ကြီးဌာနက ထောက်ခံတဲ့အပေါ် မူတည်ပါတယ်၊

If you desire to stay here more thean 14 days, you will not be treated as a tourist as a tourist. So, you need to convert your vissa to business.

A: ဒါပေမဲ့ ၁၄ ရက်ထက် ကျော်လွန်လျှင် ကမ္ဘာလှည့်ခရီးသည် မဖြစ်နိုင်တဲ့အတွက် လုပ်ငန်းဗီဇာအဖြစ် အသွင်ပြောင်းလျှောက်ရမှာ ဖြစ်ပါတယ်၊

How much shall I pay for that?

B: ဗီဇာအသွင်ပြောင်းတဲ့အတွက် ဘယ်လောက်ကုန်ကျပါတယ်၊

You have to pay 36 dollars for conversion of your visa.

A: အသွင်ပြောင်းတဲ့အတွက် ၃၆ ဒေါ်လာကုန်ကျပါတယ်၊

How much shall I pay for stay permit?

B: နေခွင့်အတွက်ကရော ဘယ်လောက်ကုန်ကျပါသလဲ၊

For the extension of stays, you have to pay 36 dollors for 3 months and 90 dollars for over 3 month to one year.

A: နေခွင့်သက်တမ်းတိုးလျှင် ၃ လအထိ ၃၆ ဒေါ်လာ၊ ၃ လ အထက် ၁ နှစ်အထိ ဒေါ်လာ ၉၀ ဖြစ်ပါတယ်၊

Thank you.

B: ကျေးဇူးတင်ပါတယ်၊

How long can I raise my stay extension?

B: နေခွင့်သက်တမ်း ဘယ်လောက်တိုးလို့ ရမလဲ၊

As you are holding a social visit visa, you may apply for three months stay for the first time.

A: လူမှုရေးအလည်အပတ် ပြည်ဝင်ဗီဇာဖြစ်တဲ့အတွက် ပထမအကြိမ် ၃ လ တိုးဖို့ လျှောက် ထားနိုင်ပါတယ်၊

What documents do I need?

B: ဘာစာရွက်စာတမ်းများ လိုအပ်ပါသလဲ၊

You need to present two copies of stay application form, duplicate of passport and two photographs. Next, one duplicate of sponsor's Scrutin Card, duplicate of house-hold list, sponsorship letter, recommandation of Township Immigration Officer and marriage certificate.

A: နေခွင့် လျှောက်လွှာပုံစံ ၂ စောင်၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ခါတ်ပုံ ၂ ပုံ တင်ပြရပါမယ်။ ပြီးတော့ အာမခံသူရဲ့ မှတ်ပုံတင်လက်မှတ်မိတ္တူနဲ့ အိမ်ထောင်စုစာရင်း မိတ္တူ၊ ကတိခံဝန်ချက်၊ မြို့နယ်လစကရဲ့ ထောက်ခံချက်နဲ့ လက်ထပ်စာချုပ်လိုအပ်ပါတယ်၊

If the applicant is a minor, hoth original copies and duplicates of the parent's marriage certificate and birth certificate.

A: ကလေးဖြစ်လျှင် ကလေးရဲ့ မိဘလက်ထပ်စာချုပ်၊ မွေးစာရင်းမူရင်းနှင့် မိတ္တူများလိုအပ်ပါတယ်၊

Can you finish all that today?

B: ဒီနေ့အပြီး လုပ်ပေးနိုင်မလား၊

I am so sorry Sir/ Madam/ Miss. That's impossible. It can only be done after all relevant papers are in order.

A: ဒီနေ့မပြီးနိုင်ပါဘူး။ လိုအပ်ချက်များ စိစစ်ပြီး ခွင့်ပြုချက်ရမှ ဆောင်ရွက်ပေးနိုင်ပါမယ်၊

How long will it take?

B: ဘယ်နှစ်ရက်ခန့်ကြာမှာပါလဲ၊

It may take only two to three days.

A: ၂ ရက် ဒါမှမဟုတ် ၃ ရက်လောက်တော့ ကြာပါမယ်၊

How much shall I pay?

B: ငွေဘယ်လောက်သွင်းရမလဲ၊

36 dollars.

A: ၃၆ ဒေါ်လာ ဖြစ်ပါတယ်၊

What do I need to extend my visa for the second time?

B: ဒုတိယအကြိမ် နေခွင့်တိုးရင် ဘာတွေလိုအုံးမလဲ၊

You need to present some relevent papers as you did it the first time.

A: ပထမအကြိမ် တင်တဲ့အတိုင်း စာရွက်စာတမ်းတွေ လိုပါတယ်၊

You also need to bring recent recommendation of the Township Immigration Office.

A: မြို့နယ်လဝကရဲ့ ထောက်ခံချက်အသစ် ထပ်ပြီးယူလာရပါမယ်၊

How much do I pay for one day overstay?

B: *overstay* ဖြစ်ရင် တစ်ရက်ဘယ်လောက် ငွေဆောင်ရမလဲ၊

Three dollors per day for 90 days. If it is more than 90 days, you have to pay five dollors a day.

A: တစ်ရက် ၃ ဒေါ်လာဆောင်ရမယ်။ ရက်ပေါင်း ၉၀ ကျော်ရင် ၅ ဒေါ်လာ ဆောင်ရပါမယ်၊

How much for one month?

B: တစ်လယူရင်ကော ငွေဘယ်လောက်ဆောင်ရမလဲ၊

Thirt six dollors will be charged for the period of one day to three months.

A: ၁ ရက်မှ ၃ လအထိ ၃၆ ဒေါ်လာ ဆောင်ရပါမယ်၊

What shall I do after payment?

B: ငွေသွင်းပြီး ဘာလုပ်ရမလဲ၊

After you hve made your payment, would you bring the receipt please?

A: ငွေသွင်းပြီးရင် ငွေသွင်းတဲ့ လက်ခံဖြတ်ပိုင်း လာပြန်ပေးပါ၊

How long shall I extend my stay for second time?

B: ဒုတိယအကြိမ် တိုးရင် ဘယ်လောက်သက်တမ်း တိုးလို့ရမလဲ၊

If you are born in Myanmar, you are entitled to extend your stay for six months or one year.

A: မြန်မာပြည်မှာ မွေးမယ်ဆိုရင် ၆ လ ဒါမှမဟုတ် ၁ နှစ်တိုးလို့ ရပါမယ်၊

Although you are not born in Myanmar, if you are wife or husband of a Myanmar citizen, you are also entitled to extend you stay for six months to one year.

A: မြန်မာပြည်မှာ မွေးတဲ့သူမဟုတ်ပေမယ့်လည်း ဇနီး/ခင်ပွန်း မြန်မာ ဖြစ်လျှင် ၆ လ ဒါမှမဟုတ် ၁ နှစ် တိုးမြှင့်ခွင့်ရှိပါတယ်၊

Where can I pay for overstay?

B: ရက်လွန်ကြေးကို ဘယ်မှာပေးဆောင်ရမလဲ၊

In this office.

A: ဒီရုံးမှာပဲ ပေးဆောင်ရပါမယ်၊

You asked me to leave. So I have to depart now.

B: ခင်ဗျားတို့က ပြန်ထွက်ခိုင်းတဲ့အတွက် ကျွန်တော်ထွက်ရတော့မယ်၊

As I have already paid, I want refund for my stay permit and Re-entry which are not yet used.

B: ကျွန်တော်အခွင့်ပေးဆောင်ပြီး အသုံးမပြုရသေးတဲ့နေခွင့်နဲ့ ပြည်ဝင်ခွင့်ဗီဇာအတွက် ငွေပြန်လို ချင်ပါတယ်၊

Because it is your fault Sir/ Madam/ Miss.

A: ခင်ဗျားပြန်ထွက်ရတာ ခင်ဗျားရဲ့ချို့ယွင်းချက်ကြောင့် ဖြစ်ပါတယ်၊

I am sorry. I can't help you.

A: ဝမ်းနည်းပါတယ်၊ ကျွန်တော်တို့ တာဝန်မယူနိုင်ပါဘူး၊

◆ ◆ ◆

အခန်း (၅)

Usage Of Foreigner's Registration Section

နိုင်ငံခြားသားမှတ်ပုံတင်ဌာနတွင် ပြောဆိုဆက်ဆံခြင်း

Good morning Sir/ Madam/ Miss. May I help you?

A: မင်္ဂလာပါ။ ဘာများကူညီဆောင်ရွက်ပေးရမလဲရှင်၊

I have made enquire about Foreigner's Registration Certificate.

B: နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လုပ်ရမယ်ဆိုလို့ လာပြီးစုံစမ်းတာပါ၊

If it is necessary for me, I would like to apply for it.

B: လိုအပ်မယ်ဆိုရင် လုပ်ချင်လို့ပါ၊

May I see your passport, please?

A: နိုင်ငံကူးလက်မှတ် ခဏကြည့်ပါရစေ၊

If you like to stay in Myanmar over 90 days from the date you arrived here, you need to apply for F.R.C.

A: မြန်မာနိုင်ငံကိုရောက်တဲ့နေ့ကစပြီး ရက်ပေါင်း ၉၀ ကျော်နေမယ် ဆိုရင် နိုင်ငံခြားသား မှတ်ပုံတင် လုပ်ဖို့လိုပါတယ်၊

If you desire of leave the country within 90 days, you don't need to apply for F.R.C.

A: ရက်ပေါင်း ၉၀ အတွင်းနေပြီး ပြန်ထွက်မယ်ဆိုရင်တော့ လုပ်ဖို့ မလိုပါဘူး၊

May I know how much I pay for initial F.R.C.

B: နိုင်ငံခြားသား (ပမာဏ) မှတ်ပုံတင်လုပ်လျှင် ဘယ်လောက်ကုန်ကျ မလဲ။ သိပါရစေ၊

If you apply for it within 90 days from the date you arrived, you may pay only nine dollars.

A: မြန်မာနိုင်ငံကို ရောက်တဲ့နေ့ကနေ ရက်ပေါင်း ၉၀ အတွင်းလုပ်ရင် ၉ ဒေါ်လာကုန်ကျပါမယ်၊

If you fail to apply within 90 days, you will be charged double the normal fee that is 18 dollars as fine.

A: တကယ်လို့ရက်ပေါင်း ၉၀ ကျော်ပြီးမှလုပ်မယ်ဆိုရင် ၂ ဆ ဒဏ်ကြေးပေးဆောင်ရမှာမို့ ၁၈ ဒေါ်လာ ကုန်ကျပါမယ်၊

Yes,I'll do it right now. What documents do I need?

B: ဟုတ်ကဲ့၊ အခု လုပ်ပါမယ်။ ဘာ အထောက်အထားများလိုမှာပါလဲ၊

Would you please fill in the application form with necessary data for F.R.C.

A: နိုင်ငံခြားသား မှတ်ပုံတင်လျှောက်ထားချက်ကို ပြည့်ပြည့်စုံစုံ ဖြည့်ပေးပါ၊

Please attach five photos.

A: ဓာတ်ပုံ ၅ ပုံ ပေးရပါမယ်၊

The duplicate on the first page of your passport.

A: နိုင်ငံကူးလက်မှတ် ပထမစာမျက်နှာ၊

The pages which have been stamped for your arrival date and permit.

A: မြန်မာနိုင်ငံကို ရောက်ရှိတဲ့နေ့ တံဆိပ်တုံးရိုက်ထားတဲ့ စာမျက်နှာနှင့် နေခွင့်စာမျက်နှာတို့ ဖြစ်ပါတယ်၊

Your application.

A: ခင်ဗျားရဲ့ လျှောက်ထားချက်၊

You may pay the fee at the cash counter. After payment, place back here with the receipt.

A: ကျသင့်ငွေကို ငွေသွင်းကောင်တာမှာ ကိုယ်တိုင်သွားပြီး ငွေသွင်းရပါမယ်၊ ငွေသွင်းပြီးကြောင်း လက်ခံစာရွက်ရရင် ဒီကိုပြန်လာပါ၊

May I remind you that the validity of F.R.C is only up to 30th November.

A: နိုင်ငံခြားသားမှတ်ပုံတင်ရဲ့ သက်တမ်းဟာ နှစ်စဉ်နိုဝင်ဘာ ၃၀ ရက်မှာ ကုန်ဆုံးတာကို အသိပေး ချင်ပါတယ်၊

The period for renewal of it is prescribed 1st December to 31st December.

A: သက်တမ်းတိုးကာလကို ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်နေ့အထိ သတ်မှတ်ထားပါတယ်၊

If you wish to extand your stay here, you may need to apply for it within the prescribed period.

A: ဒီမှာဆက်နေဦးမှာဆိုရင် အခွန်ဆောင်ကာလအတွင်းမှာ လာရောက် ဆောင်ရွက်ပါ၊

May I know how much I pay for annual renewal fees?

B: နှစ်စဉ်လဲလှယ်ခွန်က ဘယ်လောက်ကုန်ကျမလဲ။ သိပါရစေ၊

If you apply for it within 1st Decembr to 31st December, you may pay only 9 dollars.

A: ဟုတ်ကဲ့၊ နှစ်စဉ် လဲလှယ်ခွန်ကတော့ သတ်မှတ်ကာလ ဒီဇင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း လာရောက် ပြုလုပ်လျှင် ၉ ဒေါ်လာကုန်ကျပါမယ်၊

If you apply late, you will be charged double the normal fee that is 18 dollars as fine.

A: သတ်မှတ်ကာလကျော်လွန်ရင်တော့ ဒဏ်ကြေးပေးဆောင်ရမှာမို့ ၁၈ ဒေါ်လာကုန်ကျပါမယ်၊

What shall I do for revalidation of F.R.C?

B: နိုင်ငံခြားမှတ်ပုံတင်လက်မှတ် သက်တမ်းပြန်လည်အတည်ပြုမယ် ဆိုလျှင် ဘာတွေလုပ်ရပါမလဲ၊

Let me see your passport.

A: ပတ်စပို့ ခဏကြည့်ပါရစေ၊

You may need to revidate your F.R.C within 30 days from the date of arrival in Myanmar.

A: မြန်မာနိုင်ငံကိုပြန်ရောက်တဲ့နေ့ကစပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် သက်တမ်း ပြန်လည်အတည်ပြုဖို့ လိုပါတယ်၊

May I know how much the revalidation costs?

B: နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သက်တမ်း ပြန်လည်အတည်ပြု မယ်ဆိုရင် ဘယ်လောက်ကုန် ကျမလဲ။ သိပါရစေ၊

Well, if you apply within 30 days of your arrival in Myanmar, you have to pay only 6 dollars.

A: ဟုတ်ကဲ့၊ မြန်မာနိုင်ငံကို ပြန်ရောက်တဲ့နေ့ကစပြီး ရက်ပေါင်း ၃၀ အတွင်း လုပ်ရင် ၆ ဒေါ်လာ ကုန်ကျပါမယ်၊

If you apply after 30 days, you have to pay double the normal fee, that is 12 dollars as fine.

A: အကယ်၍ ရက်ပေါင်းသုံးဆယ်ကျော်ပြီးမှ လုပ်မယ်ဆိုရင်ဒဏ်ကြေး အဖြစ် ၂ ဆ ပေးဆောင်ရမှာမို့ ၁၂ ဒေါ်လာကုန်ကျပါမယ်၊

May I know what I should do if I lose the F.R.C?

B: နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင် ဘာတွေလုပ်ရပါ မလဲ၊ သိပါရစေ၊

Yes, if you lose your F.R.C, you may need to apply for it together with two photographs and recommendation letter from township police station concerned.

A: ဟုတ်ကဲ့၊ ပျောက်ဆုံးကြောင်းလျှောက်လွှာနှင့် ဓါတ်ပုံ ၂ ပုံ၊ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းထောက် ခံချက် ယူပေးရပါမယ်၊

How much does it cost?

B: ငွေဘယ်လောက်ကုန်ကျမလဲ၊

It costs only 9 dollars.

A: ၉ ဒေါ်လာ ကုန်ကျမယ်၊

May I know what I should do when Foreigner's Registration Certificate has worn out.

B: နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ဟောင်းနွမ်းဆွေးမြေ့ရင် ဘာလုပ်မလဲ၊ သိပါရစေ၊

Let me see your passport, please.

A: ပတ်စပို့ခဏကြည့်ပါရစေ၊

If your Foreigner's Regiatration Certificate has worn out, your may have to apply for renewal together with two photographs.

A: နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ဟောင်းနွမ်းဆွေးမြေ့ရင် အသစ်ပြန်လျှောက်ရပါမယ်။ ဓာတ်ပုံ ၂ ပုံ ပေးပါမယ်၊

How much does it cost?

B: ဘယ်လောက်ကျမလဲ၊

Two dollars.

A: ၂ ဒေါ်လာကုန်ကျပါမယ်၊

What documents do I need to change my address mentioned in my Foreigner's Registration Certificate?

B: ကျွန်တော်/မ နိုင်ငံခြားမှတ်ပုံတင် လိပ်စာပြောင်းချင်ပါတယ်။ ဘာတွေလိုအပ်ပါမလဲ၊

Let me see your passport, please.

A: ပတ်စပို့ခဏ ကြည့်ပါရစေ၊

If you want to change your address in the Foreigner's Registration Certificate, you may have to apply for it together with FRC (Part 3).

A: ဟုတ်ကဲ့၊ မှတ်ပုံတင်လိပ်စာပြောင်းချင်ရင် လိပ်စာပြောင်းရွှေ့လို ကြောင်းလျှောက်လွှာနဲ့မှတ်ပုံတင်လက်မှတ် တတိယပိုင်းပူးတွဲတင် ပြရပါမယ်၊

Then recommendation letter of the respective Ward Peace and Development Council and Township immigration Office are needed.

A: ပြီးတော့ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက် နဲ့ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးဦးစီးမှူးရဲ့ ထောက်ခံချက်တို့ဖြစ် ပါတယ်၊

How much do I pay for changing of address?

B: နေရပ်လိပ်စာပြောင်းတဲ့အတွက် ငွေဘယ်လောက်ကုန်မလဲ၊

You don't need to pay for it. We do it grantis.

A: ဒီအတွက်တော့ ငွေပေးဖို့ မလိုပါဘူး၊

What documents do I need to hod Identity Certificate for my child?

B: ကျွန်တော်/မရဲ့ကလေး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ချင်ရင် ဘာတွေများလိုအပ်ပါမလဲ၊

Only if the child is over twelve, he/she needs to hold Identity Certificate.

A: အသက် ၁၂ နှစ်ပြည့်မှသာ ကလေးအတွက် မှတ်ပုံတင်လုပ်ရန် လိုအပ်ပါမယ်၊

How much will it cost?

B: ငွေဘယ်လောက် ကုန်ကျပါမလဲ၊

You may have to apply for the Identity Certificate within 30days of your child's twelfth birthday and it costs you only a dollar.

A: ကလေးက အသက် ၁၂ နှစ်ပြည့်ပြီး ရက်ပေါင်း ၃၀ အတွင်း လုပ်ရင် ၁ ဒေါ်လာပဲကျပါတယ်၊

If I apply for it over 30 days after the twelfth birthday, how much does it cost?

B: ရက်ပေါင်း သုံးဆယ်ကျော်သွားရင် ဘယ်လောက်ကုန်ကျပါမလဲ၊

Two dollars may be paid as fine.

A: ဒါဆိုရင်တော့ ဒဏ်ကြေး ၂ ဆ၊ ၂ ဒေါ်လာကုန်ကျပါမယ်၊

When shall I apply for seperate F.R.C (Initial) for a child like mine?

B: ဒီကလေးတွေ အသက်ဘယ်လောက်ဆိုရင် ကျွန်တော်တို့လို နိုင်ငံခြားသား (ပဏာမ) မှတ်ပုံ တင်လုပ်လို့ရမလဲခင်ဗျာ၊

You have to apply for it within 30 days of the eighteenth birthday.

A: အသက် ၁၈ နှစ်ပြည့်ပြီး ရက်ပေါင်း ၃၀ အတွင်းမှာ ပဏာမမှတ်ပုံ တင် လုပ်လို့ရပါတယ်၊

How much does it cost?

B: ဘယ်လောက် ကုန်ကျပါမလဲ၊

If you apply within (30)days of the eighteenth birthday; if costs you only 9 dollars.

A: အသက် ၁၈ နှစ်ပြည့်ပြီး ရက်ပေါင်း ၃၀ အတွင်းမှာ လုပ်ရင်တော့ ၉ ဒေါ်လာပေးရပါမယ်၊

If it is over 30 days, you'll be charged double the normal fee that is 18 dollars as a fine.

A: ရက်ပေါင်း ၃၀ ကျော်မှ လုပ်ရင်တော့ ဒဏ်ကြေး ၂ ဆ၊ ၁၈ ဒေါ်လာကုန်ကျပါမယ်၊

One of my friends passed away ( ). What procedures are there?

B: ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ဦး ( ) ရက်နေ့က သေဆုံးသွားပါတယ်။ ဒီအတွက်ဘာတွေ လုပ်ရမလဲ၊

The application form together with the death certificate (original), recommendation letter of the doctor.

A: သေဆုံးကြောင်းလျှောက်လွှာနှင့်အတူ သေစာရင်းမူရင်း၊ အမှန်တကယ်သေဆုံးကြောင်း ဆရာဝန်လက်မှတ်ပါ အထောက်အထား။

Relevant documents given by cemetery and F.R.C (Part 3) of deceased, may be submitted to State or Division Office through the Township Immigration Office.

A: သေဆုံးမှုအတွက် သချိုင်းမှပေးသည့် အထောက်အထားနဲ့ သေဆုံးသူကိုင်ဆောင်သည့် နိုင်ငံခြားသားမှတ်ပုံတင် (တတိယပိုင်း) များနှင့်အတူ သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးမှ တစ်ဆင့် ပြည်နယ်/တိုင်းအလိုက် အဆင့်ဆင့်တင်ပြရပါမယ်။

How much do I pay?

B: သေဆုံးကြောင်းလျှောက်ထားရင် ဘယ်လောက်ငွေဆောင်ရမလဲ။

You needn't pay for it.

A: ဒီအတွက်တော့ ငွေမဆောင်ရပါဘူး။

Now I've got permission to stay gratis. Do I need to pay Foreigners Registration Certificate fees?

B: ကျွန်တော်အခမဲ့နေခွင့် ရထားပါပြီ၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် အခွန်ဆက်လက်ဆောင်ဖို့ လိုပါသေးသလား။

No need. But you may need to apply for exemption.

A: F.R.C အခွန်ဆောင်ဖို့မလိုတော့ဘူး။ ကင်းလွတ်ခွင့်လျှောက်ထားနိုင်ပါတယ်။

How do I do that?

B: ဘယ်လိုဆောင်ရွက်ရပါမလဲ ခင်ဗျာ၊

You may need to apply for the exemption of F.R.C through the Ministry concerned.

A: သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ကျွန်တော်တို့ ဝန်ကြီးဌာနကို လျှောက်ထားရပါမယ်၊

◆ ◆ ◆

အခန်း(၆)

Usage Of Foreigner Controllers

နိုင်ငံခြားသားကြီးကြပ်သူများနှင့်ပြောဆိုခြင်း

Please tell me from which twon you have come. Let me see your passport.

A: ခင်ဗျားဘယ်မြို့ကလာတာလဲ၊ နိုင်ငံကူးလက်မှတ်ကြည့်ပါရစေ၊

I came from Townggyi be like. Here's my passport.

B: ကျွန်တော် တောင်ကြီးကနေ စက်ဘီးနဲ့လာပါတယ်။ ကျွန်တော့် နိုင်ငံကူးလက်မှတ် ဒီမှာပါ၊

You are now in the restricted area. No foreigner is allowed to visit this area.

A: အခု ခင်ဗျားရောက်နေတဲ့နေရာက နိုင်ငံခြားသားများ သွားခွင့်မရှိတဲ့ ကန့်သတ်နယ်မြေ ဖြစ်နေ ပါတယ်၊

I came here with valid passport and valid visa. Could I visit this area.

B: ကျွန်တော် တရားဝင် နိုင်ငံကူးလက်မှတ်၊ ဗီဇာနဲ့လာတာပါ။ သွားလို့ မရဘူးလား၊

I am sorry, you can't.

A: မရပါဘူး ခင်ဗျာ၊

Why? Why not?

B: ဘာဖြစ်လို့ မရတာလဲ၊

If you wish to visit this area, you need to apply for permission in advance. But the permission applies only to package tours.

A: ခင်ဗျားတို့သွားချင်ရင် ကြိုတင်ခွင့်ပြုမိန့် တောင်းရမယ်။ ရမှသွားရပါမယ်။ ဒါကလည်း Package tour လို ခရီးစဉ်မျိုးမှရမယ်၊

I didn't know that. What shall I do now?

B: ကျွန်တော်မသိလို့ပါ၊ ဘယ်လိုဆက်လုပ်ရမလဲ၊

I can't let you go outside this area. I will send you back to Yangon accompained by two officials.

A: ခင်ဗျားကို ရှေ့ဆက်သွားခွင့် မပြုနိုင်ပါဘူး၊ ကျွန်တော်တို့ ဝန်ထမ်း ၂ ဦးနဲ့ ရန်ကုန်ရောက်အောင် ပြန်ပို့ပါမယ်၊

Thank you.

B: ကျေးဇူးတင်ပါတယ်၊

You'll be sent back due to violation of visa regulation.

A: ခင်ဗျားကို ဗီဇာစည်းကမ်း ဖောက်ဖျက်မှုနဲ့ ပြန်ပို့ပါမယ်၊

Where will I be sent back?

B: ဘယ်ပြန်ပို့မှာလဲ၊

You'll be sent back to the place you left on the same airline that brought you here.

A: ခင်ဗျားလိုက်ပါလာတဲ့ လေကြောင်းနဲ့ပဲ ခင်ဗျားလာခဲ့တဲ့ မြို့ကို ပြန်ပို့ပါမယ်၊

I want to visit here again.

B: ကျွန်တော် နောက်တစ်ကြိမ် ပြန်လာချင်ပါတယ်၊

I am sorry? you can't. Your name is now black-listed since you violated the visa regulations.

A: ခင်ဗျားကို ဗီဇာစည်းကမ်းဖောက်ဖျက်တဲ့အတွက် နာမည်ပျက် စာရင်းသွင်းထားလိုက်ပြီ။ နောက်တစ်ကြိမ် လာလို့မရတော့ပါဘူး၊

When shall I go back?

B: ကျွန်တော် ဘယ်နေ့ပြန်ရမလဲ၊

By the earliest flight, which will be the day after tomorrow. Let me know whether you have a return ticket.

A: အစောဆုံးလေယာဉ်နဲ့ ပြန်ရမယ်။ အဲဒီလေယာဉ်က သန်ဘက်ခါမှာ ရှိတယ်။ ခင်ဗျားမှာ အပြန် ခရီးအတွက် လေယာဉ်လက်မှတ်ပါပါ သလား၊

No, I don't.

B: မပါပါဘူး၊

Then, you have to buy the ticket at your own expense. Now, we can arrange your accommodation at a guest-house. You have to pay for it.

A: ဒါဆိုရင် လေယာဉ်လက်မှတ် ဝယ်ရပါမယ်။ ကျသင့်ငွေကိုတော့ ခင်ဗျားပေးရပါမယ်။ လောလော ဆယ်ခင်ဗျားကို တည်းခိုခန်းတစ်ခုခုမှာ စီစဉ်ပေးမယ်။ တည်းခိုခန်းခကို ခင်ဗျား ရှင်းရပါမယ်၊

May I go sight- seeing here before I leave?

B: ကျွန်တော် မပြန်ခင် မြို့ထဲလျှောက်လည်လို့ရမလား။

I am sorry, you can't. Meanwhile, I'll keep your passport.

A: မရပါဘူး၊ ခင်ဗျားနိုင်ငံကူးလက်မှတ်ကိုလည်း ခဏယူထားပါမယ်၊

When will you return my passport?

B: ကျွန်တော့် နိုင်ငံကူးလက်မှတ် ဘယ်တော့ပြန်ပေးမလဲ၊

I'll return it to you at the airport.

A: လေဆိပ်ရောက်မှ ပေးပါမယ်၊

◆ ◆ ◆

Where do you dcome form? What is you intetion.

A: ခင်ဗျားတို့ ဘယ်ကလာပါသလဲ၊ အခု ဒီကို ဘာလာလုပ်ပါသလဲ၊

We came from Kunming to Yangon by air. We brought the clothes to sell here in Thabaung.

B: ကျွန်တော်တို့ တရုတ်နိုင်ငံ ကူမင်းမြို့ကနေ လေယာဉ်နဲ့ ရန်ကုန်မြို့ကို လာပါတယ်။ ယခု သာပေါင်းမြို့ကိုပါလာတဲ့ အဝတ်အထည်ပိတ်စတွေ ရောင်းဖို့လာပါတယ်၊

How many of you are here?

A: ခင်ဗျားတို့ ဘယ်နှစ်ယောက် လာပါသလဲ၊

